## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၁)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၄ခုနှစ်တွင် အာဆီယံအဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကိုဆောင်ရွက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လှိုက်လှဲစွာကြိုဆိုပါသည်။ ဤကဲ့သို့ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် အာဆီယံ ပဋိညာဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခွင့်အရေးနှင့် တာဝန်ယူမှုများတွင် တန်းတူ ရည်တူ ရှိရမည် ဟူ သော ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေရှိပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လိုသကဲ့သို့ ဆောင်ရွက်နိုင်စွမ်းလည်းရှိကြောင်းကို ကော်မရှင်ကအပြည့်အဝယုံကြည်မှုရှိပါသည်။အာဆီယံအဖွဲ့ ၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ ဆုံးဖြတ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ များအကြား နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတို့ မြှင့်တင်ရန်အတွက် မလွဲမသွေ အထောက်အကူဖြစ်စေပါသည်။ ဤဆုံးဖြတ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဒီမိုကရေစီလူ့အဖွဲ့အစည်း တည်ထောင်ရေး လုပ်ငန်းစဉ် ဖြစ်သည့် ကောင်းမွန်သောအုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး နှင့် လူ့အခွင့်အရေးလေးစား လိုက်နာရေးစသည့် မူဝါဒများ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်တွင် ခိုင်မာစွာ တက်လှမ်း ဆောင်ရွက်နေခြင်းကို နိုင်ငံတကာ အသိုက်အဝန်းက အသိအမှတ်ပြုရာရောက်သည်ဟု မိမိတို့ကော်မရှင်အနေဖြင့် ရှုမြင် ပါသည်။

၃။ အမေရိကန်ပြည်ထောင်စုက ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံသို့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် က အားရ ကျေနပ်မိပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံအနေဖြင့် ပြည်သူအပေါင်းအတွက် အမျိုးသား စည်းလုံးညီညွတ်ရေး၊ စီးပွားရေးအခွင့်အလမ်းများပေါ်ထွန်းရေးနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးတို့ တိုးတက်မြင့်မားစေမည့် ဒီမိုကရေစီလူ့အဖွဲ့အစည်း တစ်ရပ်ထူထောင်ရန် အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည့်အရေးကြီးသော အခါသမယဖြစ်ပါသည်။ နိုင်ငံတကာ အသိုက်အဝန်း၏ထောက်ခံမှုနှင့် အားပေးကူညီမှုတို့သည် မြန်မာနိုင်ငံ၏ ဤကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို ပံ့ပိုးရာရောက်သဖြင့်ကြိုဆိုရမည် ဖြစ်ပါသည်။

၄။ နှစ်ပေါင်း(၅၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီး မြန်မာနိုင်ငံသို့လာရောက်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့အကြား နှစ်နိုင်ငံချင်းဆက်ဆံရေး တိုးတက်မြင့်မားစေရန်အတွက် လမ်းစဖော် စေနိုင်သကဲ့သို့ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရေးအတွက် အပြု သဘော ဆောင်သော အခြေအနေများ ဖြစ်ပေါ်စေမည်ဟု ကော်မရှင်က မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၁ခုနှစ်၊နိုဝင်ဘာလ၂၇ရက်